# Highlights from DVB Debate's Elections Analysis

## Nov 14, 2015

## "How to analyze the Elections Results?"

"အန်အယ်လ်ဒီက ပြောင်းလဲချိန်တန်ပြီ အမှန်တကယ်ပြောင်းလဲဖို့ အန်အယ်လ်ဒီကို မဲပေးစို့ ဆိုတဲ့ ဆောင်ပုဒ်နဲ့အတူ လူထုရဲ့ဖြစ်ချင်နေတဲ့ ပြောင်းချင်နေတဲ့ ဟာဒယကို ဖြည့်နိုင်ခဲ့တယ်။ လူမျိုးစုပါတီတွေက နစ်ခြမ်းကွဲနေတာ များသွားတဲ့အခါ ဗမာပါတီက စားသွားတာပေါ့"

ဦးကျော်ဝင်း - စာရေးဆရာ

---

"ပြီးသွားတဲ့ ရလာဒ်တွေအရ အန်အယ်လ်ဒီက ဘယ်သူမှ အားကိုးစရာမလိုဘဲ သမ္မတကို လွတ်လွတ်ကျွတ်ကျွတ် ရွေးခွင့်ရသွားပြီ။ ပရော်ဖက်ရှင်နယ် ကမ်ပိန်းလုပ်သူတွေအပြင် လုပ်အားပေးကမ်ပိန်း ဝိုင်းလုပ်ပေးကြတဲ့လူတွေရဲ့ အားတွေလည်း အများကြီး တွေ့ရပါတယ်။ တခြားပါတီတွေမှာ ဒီလိုမျိုး မရှိတာ သွားတွေ့တယ်။"

ဦးဇေယျာသူ - သတင်းစာဆရာ

---

"ကျနော်တို့ဟာ တပ် ကြိုတင်မဲတွေကို စောင့်ကြည့်ခွင့်မရှိဘူး။ နယ်တွေမှာဆို ပြည်သူ့စစ်တို့ တိုင်းရင်းသားအဖွဲ့တွေကလည်း ရှိသေးတော့ ဒီလို အခင်းအကျင်းတွေကြောင့် နယ်ဘက်မှာ ထူးခြားဖြစ်စဉ်တွေများတာ သွားတွေ့ရတယ်"

ဦးမင်းခင် - လွတ်လပ်သောစေတနာ့ဝန်ထမ်းများအဖွဲ့ နိုင်ငံလုံးဆိုင်ရာညှိနှိုင်းရေးမှူး

---

"အခုဆိုရင် တပ်မတော်သား ၂၅ ရာခိုင်နှုန်းက check and balance လုပ်မယ့် အခင်းအကျင်းတခုအနေနဲ့ ကျန်နေတယ်။ အန်အယ်လ်ဒီနဲ့ တပ်မတော် စကားပြောကြရမှာ အဆင်ပြေပြီဆိုရင် အာဏာလွှဲပြောင်းရေးဟာ ချောမွေ့မယ်လို့တော့ ကျနော် အကောင်းဘက်က မြင်ပါတယ်"

ဦးဇေယျာသူ - သတင်းစာဆရာ

---

"တိုင်းရင်းသားတွေ တိုင်းရင်းသားမဲ ဆုံးရှုံးခဲ့တဲ့နေရာတွေက အင်းစိန်၊ ကွမ်းခြံကုန်းနဲ့ နောက် ရှမ်းပြည်ဘက်တွေမှာ သွားတွေ့တယ်..မဲပုံး၊ မဲလက်မှတ်စာအုပ်တွေ လုံးဝမရှိဘူး ကွမ်းခြံကုန်းဘက်မှာ ပြည်သူတွေက complaint လုပ်တော့ နေ့လည်လောက်ကျ ရောက်လာတာတွေ တွေ့ရတယ်"

ဦးမင်းခင် - လွတ်လပ်သောစေတနာ့ဝန်မထမ်းများအဖွဲ့ နိုင်ငံလုံးဆိုင်ရာညှိနှိုင်းရေးမှူး

---

"အခုဆို ပျိုးကာစ တိုင်းရင်းသားနိုင်ငံရေးပါတီတွေက ကျိုးကြေသွားပြီပေါ့ ဒါကို ဘယ်လိုလုပ်ပေးကြမလဲ"

နိုင်ဥသသ - တသီးပုဂ္ဂလကိုယ်စားလှယ် ဝင်ရောက် အရွေးခံခဲ့သူ

"တိုင်းရင်းသားပါတီတွေ အထိနာသွားပြီ နလန်မထူတော့ဘူးဆိုတာ မဟုတ်ပါဘူး။ ဒီအချိန်ဟာ စပ်ကူးမတ်ကူးနိုင်ငံရေးကာလပါ. အနောက်နိုင်ငံတွေမှာလို တည်ငြိမ်တဲ့ နိုင်ငံရေး မဟုတ်သေးဘူး၊ နာရီချိန်သီးတခုကို ဒီဘက်က ကြိုးဖြုတ်ချလိုက်ရင် အရှိန်နဲ့ ဟိုးဘက်ခြမ်း ရောက်သွားမယ် ဒါပေမယ့် အဲဒီချိန်သီးက ဖြည်းဖြည်းချင်း အလယ်နားလောက်မှာ ငြိမ်သွားမှာပဲ ဒီလိုသဘောတရားတခုပါ"

ဦးဇေယျာသူ - သတင်းစာဆရာ

---

"ဆရာကျော်ဝင်းက ဗမာပါတီက စားသွားတယ်လို့ ပြောပါတယ်။ ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်က အန်အယ်လ်ဒီဟာ ပြည်ထောင်စုပါတီဖြစ်တဲ့အကြောင်း မဲဆွယ်ကာလတလျှောက်လုံး သုံးစွဲခဲ့တယ်။ အန်အယ်လ်ဒီဟာ တကယ်ပဲ ဗမာပါတီသပ်သပ်ပဲလား မေးချင်ပါတယ်"

ဒေါ်ခင်လေးငယ် - ဖန်တီးအိမ်အဖွဲ့

"ဒီအချိန်ဟာ ကွဲလွဲတာတွေ ဘေးချိတ်ပြီး အာဏာလွှဲပြောင်းရေး ညင်သာဖို့ အရေးကြီးတယ် ဒါပေမယ့် အမေးရှိလာလို့ ဖြေပါမယ်.. ဖဆပလနဲ့ အန်အယ်လ်ဒီ မတူပါဘူး။ ဖဆပလ အလံတော်အောက်မှာ တိုင်းရင်းသားတပ်ပေါင်းစုတွေ ပါဝင်လာခဲ့တယ် အန်အယ်လ်ဒီမှာတော့ ဒီလိုမဟုတ်ပါဘူး"

ဦးကျော်ဝင်း - စာရေးဆရာ

---

"ဒီကာလမှာ ကျနော် ရွေးကောက်ပွဲမှာ ရှုံးသွားခဲ့တဲ့ ပါတီဘက်က ပြောကြည့်ပါမယ်။ အာဏာလွှဲပြောင်းရေးကိုသာ ဦးသိန်းစိန်ဟာ အောင်အောင်မြင်မြင် လုပ်ပေးနိုင်ရင် ဦးသိန်းစိန်ရဲ့ သမိုင်းကို ဘယ်သူမှ ဖျက်လို့မရတော့ဘူး. ကျနော်တို့ သူ့ကို ချီးကျူးရပါမယ်။"

ဦးကျော်ဝင်း - စာရေးဆရာ

---